# COVID-19 ပိုင်းရပ်စ် ကူးစက်မှု ဖြစ်ပေါ်နေသည့် အချိန်အတွင်း

# ကျားမရေးရာအခြေပြု အကြမ်းဖက်မှု အတွက် ဝန်ဆောင်မှုများ ထောက်ပံ့ရာတွင် လိုက်နာရမည့် လမ်းညွှန်မှတ်စု

## Myanmar GBV Sub-Sector

*<မိတ်ဆက်ခြင်း>*

ဤလမ်းညွှန်မှတ်စုတွင် ပါဝင်သော သတင်းအချက်အလက်များသည် COVID-19 နှင့် ၎င်း၏ကူးစက်နိုင်ခြေများ မြင့်မားနေချိန် တွင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှု (GBV) လုပ်ငန်းဝန်ဆောင်မှုများ ထောက်ပံ့မှုများ သေချာစွာစီမံထား ရှိစေနိုင်ရန်အတွက် စဉ်းစားသင့်သည့် အချက်အလက်များကို ပံ့ပိုးထားခြင်း ဖြစ်သည်။

GBV လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများအနေဖြင့် အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များ သိရှိရန် အောက်ဖော်ပြပါ ဝက်ဘ်ဆိုဒ်လင့်ခ်များကို ဝင်ရောက် ကြည့်ရှုရန် လေးနက်စွာတိုက်တွန်းလိုပါသည်။

- WHO Coronavirus disease (COVID-2019) situation reports: https://www.who.int/emergencies/diseases/novel-coronavirus-2019/situation-reports/
- Myanmar Ministry of Health and Sports COVID-19 Surveillance Dashboard: http://mohs.gov.mm/Main/content/publication/2019-ncov
- Myanmar Information Management Unit (MIMU) COVID-19 site: https://themimu.info/emergencies/coronavirus-disease-2019-covid-19

*<နောက်ခံအကြောင်းအရာ: COVID-19 နှင့် GBV>*

အခြားမည်သည့် အရေးပေါ်အခြေအနေနှင့်မဆို အလားသဏ္ဍာန်တူစွာပင် ယခုCOVID-19 ရောဂါကူးစက်မှု ဖြစ်ပွားနေချိန်တွင်လဲ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ထိလွယ်ရှလွယ် အခြေအနေသို့ ပိုမိုမြင့်တက်လာနိုင်သည့်အပြင် GBVကိစ္စရပ်များ ဖြစ်နိုင်ချေကိုလည်း တိုးလာစေနိုင်သည် ဟုယူဆ ရပါသည်။

အမျိုးသမီးများသည် မိသားစုအတွက် အစားအသောက် ဝယ်ခြမ်းချက်ပြုတ်ရာတွင် အဓိကတာဝန်ယူသူများ ဖြစ်ကြသည့်အတွက် ယခုလိုအခြေအနေမျိုး၏ ရလဒ်ကြောင့် စားနပ်ရိက္ခာ မလုံလောက်မှုဖြစ်ပေါ်နိုင်ပြီး ၎င်းမလုံလောက်မှုသည် အမျိုးသမီးများအား အန္တရာယ်ပိုမိုကျရောက်စေနိုင်ကြောင်း ရှိခဲ့သောအတွေ့အကြုံများအရ သိရှိပြီးဖြစ်သည်။ ဥပမာ- အိမ်ထောင်စုများ အတွင်း တင်းမာမှုများမြင့်မားလာခြင်းကြောင့် ရင်းနှီးကျွမ်းဝင်သူမှအကြမ်းဖက်ခြင်းနှင့် အခြားအိမ်တွင်းအကြမ်းဖက်မှုများ ကြုံနိုင်ခြင်း။ အမျိုးသမီးများသည် ယေဘုယျအားဖြင့်မိသားစုနှင့် ပြည်သူလူထုအတွင်းတွင် ပြုစုစောင့်ရှောက်ရသော အခန်းကဏ္ဍတွင် လုပ်ဆောင်နေသောကြောင့် အကြပ်အတည်းကာလတွင် သူတို့အပေါ်ပိုမို၍ ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေနိုင်သည်။

GBV Sub-Sector
Myanmar

မိသားစုကို ပြုစုစောင့်ရှောက်နေရသည့် သူတို့၏အခန်းကဏ္ဍကြောင့် ယခုCOVID-19 ရောဂါကူးစက်ပျံ့ပွားနိုင်ခြေရှိသည့် အနေအထားတွင်လဲ အမျိုးသမီးနှင့်မိန်းကလေးငယ်များ ထိခိုက်လွယ်အခြေအနေကို ပိုမိုမြင့်တက်လာစေနိုင်သည်။

အခြားသော GBVကိစ္စရပ်များသည်လဲ ယခုအချိန်တွင် ပိုမိုဆိုးရွားလာစေနိုင်ပါသည်။ ဥပမာအားဖြင့်ဆိုသော်-၂၀၁၃-၂၀၁၆ အနောက်အာဖရိကတွင် ဖြစ်ပွားခဲ့သည့် Ebolaရောဂါကပ်ဆိုးကြောင့် စီးပွားရေးအပေါ်သက်ရောက်မှု အကျိုးဆက်များသည် မျိုးသမီးနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ်များကိုများပြားစွာဖြစ်ပေါ်စေခဲ့သည်။ အလားတူပင် ယခုအချိန်သည် COVID-19ကိစ္စရပ်အတွက် ကျန်းမာရေးဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်နေရသောကြောင့် GBVမှ ရှင်သန်လွတ်မြောက်လာသူများအား အသက်ကယ်တယ်သော ပြုစုစောင့်ရှောက်မှု နှင့် ထောက်ပံ့မှုများပေးခြင်း (မုဒိန်းကျင့်ခံရမှုမှ ရှင်သန်လွတ်မြောက်လာသူ အား ဆေးဝါးကုသမှုပေးခြင်း၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း) အစီအမံများတွင် အနှောက်အယှက်ကြုံရခြင်းများလဲ ရှိနိုင်သည်။

လွန်ခဲ့သောနှစ်များက ဖြစ်ပွားခဲ့သည့် အီဘိုလာနှင့်ဇီကာရောဂါ အပါအဝင် ကပ်ရောဂါများမှ တွေ့ရသည့် အထောက်အထားများအရ ရောဂါပျံ့ပွားမှုအား ထိန်းချုပ်သည့် လုပ်ငန်းများသည် နဂိုရှိရင်းစွဲ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် မမွေးဖွားမီနှင့် မွေးဖွားပြီးစောင့်ရှောက်မှုများ အပါအဝင် သားဆက်ခြားဆေးများ အစရှိသည့် အရင်းအမြစ်များကို လွှဲပြောင်းသုံးစွဲသည့်အပြင် မျိုးစက်ပွား ကျန်းမာရေး စောင့်ရှောက်မှုဝန်ဆောင်မှုများ လက်လှမ်းမီမှုကိုလည်း အကန့်အသတ်ဖြစ်စေသည်။ ထိုသို့သော အခြေအနေတွင် ဆယ်ကျော်သက်များအတွက်လည်း သီးသန့်လိုအပ်ချက်များ ရှိပါသည်။ ထို့အပြင် အရေးကြီးသောလိုအပ်ချက်များတွင်အ အန္တရာယ်ကင်းစွာနှင့် သန့်ရှင်းစွာမီးဖွားခြင်း၊ ကိုယ်ဝန်ဆောင်ချိန် ကြုံတွေ့နိုင်သောနောက်ဆက်တွဲ အန္တရာယ်များကုသခြင်း၊ ကာလသားရောဂါများကုသခြင်း၊ သားဆက်ခြားဆေးများရရှိနိုင်မှု၊ မုဒိန်းကျင့်ခံရသူများအား ဆေးဝါးကုသပေးနိုင်ရန် စီမံထောက်ပံ့ထားခြင်းများပါဝင်သည်။

***<ထည့်သွင်းစဉ်းစားရန်အချက်များ>***

အခြေခံမူအရဆိုသော် အသက်ကယ်တင်သော GBVလုပ်ငန်းများကို လိုအပ်သောသူများအတွက် အရေးကြီးသော GBVတုန့်ပြန်မှု လုပ်ငန်းများအား အချိန်တိုင်းရရှိနိုင်ရန် ဆက်လက်လုပ်ဆောင်သွားသင့်သည်။ လူအများအပြားနှင့် လုပ်ဆောင်ရသော အသက်ကယ်တင်ရေး မဟုတ်သည့်လုပ်ငန်းများ (ဥပမာ- လူထုအတွင်းအသိပညာ ပေးလုပ်ငန်းများ၊အုပ်စုဖွဲ့ ပညာပေးခြင်းနှင့် သတင်းအချက်လက်ပေးသောဆွေးနွေးမှုများ)ကို ယာယီ ရပ်တန့်ထားခြင်း သို့မဟုတ် ကူးစက်နိုင်ခြေနည်းပါးစေရန်အတွက် လုပ်ငန်းစဉ်ပုံသဏ္ဍာန်ပြန်လည်ရေးဆွဲခြင်း(ဥပမာ- အဝေးမှ လုပ်ဆောင်ရန်/ ဖြစ်နိုင်ပါက အွန်လိုင်းမှတဆင့် လုပ်ဆောင် နိုင်ရန် ပြောင်းလဲလုပ်ကိုင်ခြင်း) များလုပ်ဆောင်သင့်သည်။ အောက်ပါအချက်များသည်အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များ ဖြစ်သည်။

- ✓ ချောင်းဆိုးခြင်း၊ ဖျားခြင်း သို့မဟုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာလက္ခဏာများ ရှိနေသောသူများကို လုပ်ငန်းလုပ်ဆောင်မှုများတွင် မပါဝင်စေသင့်ကြောင်းပြောပြပါ။ ယင်းလက္ခဏာရှိသူများကို ကျန်းမာရေးဝန်ထမ်းများ ထံသွားရောက်ပြသနိုင်ရန် သတင်းအချက်လက်များအသိပေးပြောကြားပါ။

GBV Sub-Sector
Myanmar

- ✓ ဝန်ထမ်းများတွင်ချောင်းဆိုးခြင်း၊ ဖျားခြင်း သို့မဟုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာလက္ခဏာများရှိနေပါက GBV လုပ်ငန်း ဝန်ဆောင်မှုပေးခြင်းကို ရန်တန့်ပြီး ဆေးကုသမှုခံယူရန်ပြောကြားပါ။
- ✓ လုပ်ငန်းများလုပ်ဆောင်ရာတွင် လူစုလူဝေးနှင့်လုပ်ဆောင်မှုကို ရှောင်ကြဉ်ပြီး လုပ်ငန်းစဉ်တွင်ပါဝင်မည့် လူဦးရေကိုကန့်သတ်ပါ၊ (သက်ဆိုင်ရာ အမျိုးသမီးနားခိုရာစင်တာ အတွက် အများဆုံးလက်ခံနိုင်မည့် လူဦးရေကို သတ်မှတ်ထားခြင်းသည် အထောက်အကူ ဖြစ်စေနိုင်ပါသည်)။ လုပ်ငန်းများတွင်ပါဝင်မည့်သူများ အတွက် တစ်ဦးနှင့်တစ်ဦးကြား အကွာအဝေးသည် အနည်းဆုံး လက်တစ်ကမ်းအကွာအဝေးရှိနေစေရန် တိုက်တွန်းပါ။
- ✓ အမျိုးသမီးစင်တာများ သို့မဟုတ် ရွေ့လျားအဖွဲ့များအတွက် လက်ဆေးရန်ပစ္စည်းနှင့် နေရာများ၊ သို့မဟုတ် လက်သန့်ဆေးများ၊ အပူချိန်တိုင်းကိရိယာများ အပြည့်အစုံထားရှိပေးပါ။
- ✓ အစည်းအဝေးခန်းမများ၊ လုပ်ငန်းဆောင်ရွက်ရာနေရာများ၊ အမျိုးသမီးစင်တာများ စသည့်နေရာများ အထူးသဖြင့် လူအများနှင့် ထိတွေ့ထားသော မျက်နှာပြင်များကို အနည်းဆုံးတစ်နေ့တစ်ကြိမ်ခန့် ပိုးသတ်သန့်စင်ပါ။
- ✓ လေကောင်းလေသန့်ရရှိစေရန် ပြတင်းပေါက်များဖွင့်ထားခြင်း၊ ရရှိနိုင်ပါက ပန်ကာဖွင့်ခြင်းစသည်တို့ဖြင့် လေဝင်လေထွက်ကောင်းစေရန် လုပ်ဆောင်ပါ။
- ✓ ကူးစက်ရောဂါကိုမည်သို့ကာကွယ်ရမည်၊ ဖြစ်ပေါ်လာပါကမည်သို့ဆောင်ရွက်ရမည်ကို အမျိုးသမီးနှင့်မိန်းကလေးငယ်များ သေချာစွာနားလည် သဘောပေါက်စေမည့် နည်းလမ်းများဖြင့် အသိပေးပြောကြားပါ။ ပုံမှန်လက်ဆေးကြရန်နှင့်တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာအမူအကျင့်ကောင်းများကိုဖြန့်ဝေပေးပါ။ ဥပမာ- COVID -19 နှင့်ပတ်သတ်သော အဓိကသတင်းအချက်အလက်များပါသည့် IECများကိုအမျိုးသမီးစင်တာတွင်ထားရှိပေးခြင်း၊ (အဓိကသတင်းအချက်အလက်များနှင့် IECများ ရယူလိုပါက အထက်တွင်ဖော်ပြထားခဲ့သော websites များတွင်သွားရောက်ရယူနိုင်ပါသည်၊)
- ✓ GBV ညွှန်းပို့သော လမ်းကြောင်း (GBV referral pathway) တွင် ဖော်ပြထားသော ရရှိနိုင်သည့် ဝန်ဆောင်မှုများတွင် အပြောင်းအလဲများရှိမရှိ ပြန်လည်စစ်ဆေး ကြည့်ရှုပြီး လိုအပ်ပါက သတင်းအချက်အလက်များ ထပ်မံထည့်သွင်းဖော်ပြပါ။
- ✓ GBV မှ ရှင်သန်လွတ်မြောက်လာသည့် အမျိုးသမီးနှင့်မိန်းကလေးများတွင် ရောဂါကူးစက်ခံနိုင်ခြေရှိပါက စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့များ ရရှိနိုင်စေရန် သေချာစွာဆောင်ရွက်ပေးပါ။ လိုအပ်ပါကအဝေးမှ (ဖုန်းဖြင့်ဖြစ်စေ) ဆွေးနွေးဝန်ဆောင်မှု ပေးနိုင်ရန်ကြိုတင် ထည့်သွင်းစဉ်းစားထားပါ။
- ✓ သင့်တော်လိုအပ်ပါက လုံခြုံရေးဆိုင်ရာ အစီအမံများကို GBVမှ ရှင်သန်ကျန်ရစ်သူများအား မည်သို့ဆောင်ရွက်ကူညီပံ့ပိုးပေးနိုင်မည်ကို ဖြစ်ရပ်စီမံခန့်ခွဲသူများ (case workers) နှင့် ဆွေးနွေးပါ။ အဘယ်ကြောင့်ဆိုသော် "social distancing" ဟုခေါ်သော လူထုကြားအကွာအဝေးတစ်ခု ထားရှိခြင်းသည် ရှင်သန်ကျန်ရစ်သူ၏ လုံခြုံရေးကို ပိုမိုခြိမ်းခြောက်သည့် အခြေအနေသို့ ဦးတည်သွားနိုင်သောကြောင့်ဖြစ်သည်။ အထူးသဖြင့် ရင်းနှီးကျွမ်းဝင်သူမှ အကြမ်းဖက်ခြင်းခံရသောကိစ္စရပ်များ။
- ✓ GBVဝန်ထမ်းများ၏ ကျန်းမာပျော်ရွှင်မှုအတွက် ပုံမှန်အကဲခြင်းနှင့် အထောက်အပံ့ပေးခြင်းများပြုလုပ်သည့်အပြင် သူတို့ကိုယ်တိုင်နှင့် လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ဆောင်မှုရယူသူများ၏ ကျန်းမာရေးနှင့် ပတ်သက်သော စိုးရိမ်မှုများအား ကိုင်တွယ်ဖြေရှင်းပေးပါ။

GBV Sub-Sector
Myanmar

ကျေးဇူးပြုပြီး အောက်ပါအချက်များကိုလဲ ထည့်သွင်းစဉ်းစားပါ--

- ✓ COVID-19 ၏သက်ရောက်မှု ကျားမရေးရာနှင့်ဆိုင်သော အကျိုးဆက်များကိုအထူးဂရုပြီး အန္တရာယ်ကျရောက်လွယ်သည့် အမျိုးသမီးနှင့်မိန်းကလေးငယ်များ ကိုယ်စားပြုဆွေးနွေးဆောင်ရွက်ပေးပါ။

- ✓ COVID-19ကြောင့် သွားလာမှုများ ကန့်သတ်လိုက်ပါက နောက်ဆက်တွဲအနေဖြင့် ကလေးငယ်များအား ပြုစုမှုနှင့်ကျောင်းထားခြင်းအတွက် အမျိုးသမီး နှင့်မိန်းကလေးငယ်များ အချိန်အသုံးပြုမှု/ပုံစံပြောင်းလဲခြင်းရှိ ၊မရှိဆန်းစစ်ကြည့်ရှုပါ။ ဤအရာသည် အမျိုးသမီးစင်တာ သို့မဟုတ် ရွှေ့လျားအဖွဲ့များ၏ အစီအစဉ်အချိန်ဇယားများကို ဂယက်ရိုက်စေပါသည်။

- ✓ GBV ပြောင်းလဲဖြစ်ပေါ်မှု အလားအလာများ နှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အန္တရာယ်ရှိ၊မရှိကို အထူးသတိပြုစောင့်ကြည့်လေ့လာပါ။ တတ်နိုင်သမျှလျှော့ပါးစေရန် အစီမံများစီမံဆောင်ရွက်ပါ။

- ✓ လူမှုရေးဆိုင်ရာခွဲခြားဆက်ဆံခြင်း နှင့် အမည်းစက်သဖွယ်ထင်မြင်ယူဆတတ်ခြင်းများကို ဖြစ်ပေါ်စေသောကောလဟာလ နှင့် အကြောက်တရားများကို အခြေခံပြောဆိုခြင်းမပြုဘဲ COVID-19နှင့် ပတ်သတ်သည့် ခိုင်မာတိကျသော သတင်းအချက်အလက်များကိုသာ မျှဝေပေးပါ။ သေချာစွာနားလည်စေရန် လုပ်ဆောင်ပေးပါ။

- ✓ အမျိုးသမီးနှင့်မိန်းကလေးငယ်များအတွက် ရာသီလာသည့် ကျန်းမာရေး ကိစ္စတွင်မည်သည့် အခက်အခဲတစ်စုံ၊တစ်ရာမှ မရှိစေရန် အမျိုးသမီးစင်တာ၌ Dignity Kit များထားရှိပေးပါ။

- ✓ ပြုစုစောင့်ရှောက်ရသော အခန်းကဏ္ဍတွင် လုပ်ဆောင်နေသောအမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် ဝန်ထုပ်ဝန်ပိုးများပိုမို မဖြစ်ပေါ်စေရန်အတွက် မကျန်းမာသူများအား ပြုစုစောင့်ရှောက်ခြင်းတွင် ညီမျှစွာတာဝန်ခွဲဝေလုပ်ကိုင်မှု အကြောင်းများကို အသိပညာပေးမှု လုပ်ငန်းများတွင် ထည့်သွင်းပြောကြားပေးပါ။

- ✓ အန္တရာယ်ကျရောက်လွယ်သော မည်သည့်ပုဂ္ဂိုလ်မဆို(ဥပမာ-သက်ကြီးရွယ်အို၊ နာတာရှည်လူမမာ၊ မသန်စွမ်းစသည်)တို့ COVID-19 နှင့် ပတ်သတ်သော အရေးကြီးသည့်သတင်းအချက်အလက်များကို ရရှိနိုင်စေရန် ဖုန်းဖြင့်သော်လည်းကောင်း သို့မဟုတ် အခြား အဝေးရောက်ထောက်ပံ့နိုင်သည့် နည်းလမ်းများကိုရှာဖွေပါ။

- ✓ GBV အန္တရာယ်များလျှော့ပါးစေရန် Inter Agency Standing Committee ၏ GBV လုပ်ငန်းလမ်းညွှန်မှုများအတိုင်း GBV ပေါင်းစပ်ခြင်း အစီစဉ်များကို အခြားကဏ္ဍ/ကလပ်စတာများမှ ဆောင်ရွက်နေသည့်COVID-19လုပ်ငန်းများတွင် ထည့်သွင်း ဆောင်ရွက်ရန် အားပေးလှုံ့ဆော် ရမည်။